**Shan State Ethnic Youth Federation**

**“မြန်မာနိုင်ငံအရှေ့တောင်၊ ရှမ်းပြည်နယ်တွင် ပြုလုပ်မည့် ကမ္ဘာ့ဘဏ် ၏ ဒေါ်လာ ၂၂၅ သန်း စီမံကိန်းအား ဖက်ဒရယ်အခြေခံနိုင်ငံရေးအရ အဖြေရှာမနိုင်သေးသည့်ကာလတွင်”**

# “ရပ်ဆိုင်းထားရန် လိုအပ်” ကြောင်း

# တိုင်းရင်းသားလူမျိုးများ နှင့် အရပ်ဖက်အဖွဲ့အစည်းများ၏

## စုပေါင်း သဘောထား ထုတ်ပြန်ချက်

၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်။

ကမ္ဘာ့ဘဏ်မှ “ငြိမ်းချမ်းသာယာ စည်ပင်သော ရပ်ရွာ အသိုင်းအဝိုင်းများ တည်ဆောက်ရေး” စီမံကိန်း မှ အသုံးပြုမည့် ဒေါ်လာ ၂၂၅ သန်းနှင့်စပ်လျဉ်းသည့် သဘောတူညီချက်များ နှင့် လုပ်ငန်းအစီအစဉ်များ အပေါ် ကျွန်ုပ်တို့ ရှမ်းပြည်နယ်ရှိတိုင်းရင်းသားအဖွဲ့အစည်းများမှ အထူး စိုးရိမ်မိသည်။ ရှမ်းပြည်နယ်သည် တိုင်းရင်းသားလူမျိုးများပေါင်းစုံ စုံလင်စွာ အတူယှဉ်တွဲနေထိုင်ကြသည့် ပြည်နယ်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်ရန်အတွက် အလွန်အရေးကြီးသော ပြည်နယ်တစ်ခုဖြစ်သည်။

ယခုစီမံကိန်းသည် ကရင်၊ ကရင်နီ နှင့် မွန် ပြည်နယ်များတွင် ကနဦးလျာထားခဲ့သည်။ ကမ္ဘာ့ဘဏ်သည် ဗဟိုအစိုးရ နှင့်သာ တိုင်ပင်ညှိနှိုင်းခဲ့ပြီး အထက်မှ အောက်သို့ ချဉ်းကပ်မှုဖြင့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအခြေခံကာ ဗဟိုအစိုးရ နှင့် ဝန်ကြီးဌာနများနှင့်သာ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။

ဗဟိုအစိုးရ နှင့်သာ စီမံကိန်း အစီအစဉ် သဘောတူညီမှု ရယူပြီးမှသာ ကမ္ဘာ့ဘဏ်မှ တိုင်းရင်းသား နိုင်ငံရေးခေါင်းဆောင်များအား အကြံပြုဆွေးနွေးမှုများ ပြုလုပ်ခြင်းသည် စီမံကိန်းအား အတည်ပြုပေးရန်ပြုလုပ်သာဖြစ်နေသည်။ အဆိုပါ ဗဟိုဦးစီးချုပ်ကိုင်မည့် စီမံကိန်းအား တိုင်းရင်းသားခေါင်းဆောင်များအပါအဝင် ကရင်အမျိုးသားအစည်းအရုံး (KNU) အပါအဝင် အရပ်ဘက်အဖွဲ့အစည်းများက ကန့်ကွက်ခဲ့ကြသည်။ တိုင်းရင်းသားများ ဒေသခံပြည်သူများ၏ သဘောထားဆန္ဒများကို ဦးစားပေးခြင်းထက် ဗဟိုအစိုးရနှင့် ကမ္ဘာ့ဘဏ်မှ အတည်ပြုထားပြီးသော စီမံကိန်းများအား ကမ္ဘာ့ဘဏ်မှ ရှမ်းပြည်နယ်တွင် အကောင်အထည်ဖော်နိုင်ရန် ကြိုးစားနေသည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများ လာရောက်စုပေါင်းနေထိုင်ကြသည့် နိုင်ငံဖြစ်သည်။ တိုင်းရင်းသားများ၏ တန်းတူရေး နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ဆုံးရှုံးနေသောကြောင့် နှစ်ပေါင်း (၇၀) ကျော်ကြာ လက်နက်ကိုင် ပဋိပက္ခ ကြာရှည်စွာ ဆက်လက်ဖြစ်ပွားလျက်ရှိသည့် နိုင်ငံတခုဖြစ်နေရပြီး လက်ရှိအချိန်တွင် ငြိမ်းချမ်းရေး ရရှိရန် ကြိုးပမ်းနေဆဲ ကြားကာလလည်းဖြစ်သည်။ မြန်မာနိုင်ငံ၏ အဓိကပြဿနာသည်

နိုင်ငံရေးပြဿနာဖြစ်သည့်အလျောက် နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းအရ ဦးစွာဖြေရှင်းရန် လိုအပ်သည်။ ထိုကဲ့သို့ နိုင်ငံရေးနည်းအရ ဖြေရှင်းရာတွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် ဗဟိုဦးစီးချုပ်ကိုင်မှုဖြင့် ကမ္ဘာ့ဘဏ် အဖွဲ့က အထက်ပါစီမံကိန်းအား ဖော်ဆောင်သွားမည်ဆိုပါက ပဋိပက္ခကို ပိုမိုဦးတည်နိုင်ပြီး ငြိမ်းချမ်းရေး နှင့် ပို၍ အလှမ်းဝေးစေနိုင်သည်။

သမိုင်းအစဉ်အဆက်ဆက်တွင်လည်း နိုင်ငံရေးအရ အကြေအလည် ညှိနှိုင်းတိုင်ပင်မှု နိုင်ငံရေးအာမခံချက်များ မရရှိခဲ့သည့်အတွက် လက်နက်ကိုင်ပဋိပက္ခများ ထပ်ခါတလဲလဲ ဖြစ်ခဲ့ရသည့် သမိုင်းသင်ခန်းစာများလည်း ရှိနေခဲ့သည်။ ထို့ကြောင့် နိုင်ငံရေးအရ အာမခံချက် မရှိသေးသည့် အချိန်ကာလတွင် ယခုကဲ့သို့ စီမံကိန်းများသည် ပဋိပက္ခကို အရှိန်မြှင့်ပေးသလိုဖြစ်လာနိုင်ပြီး အဖက်ဖက်မှ အရှုံးပေါ်နိုင်မည့် စီမံကိန်းဖြစ်နိုင်သည့်အတွက် နိုင်ငံရေး သဘောတူညီချက် ရရှိသည်အထိ ရပ်ဆိုင်းထားရန် လိုအပ်သည်။

ငြိမ်းချမ်းသာယာစည်ပင်သော ရပ်ရွာအသိုင်းအဝိုင်းများ တည်ဆောက်ရေး စီမံကိန်းမှ အသုံးပြုမည့် ဒေါ်လာ ၂၂၅ သန်းသည် ကမ္ဘာ့ဘဏ်သို့ ပြန်လည်ပေးဆပ်ရမည်ဖြစ်ပြီးစီမံကိန်း အကောင်အထည်ဖော်ပါက နေပြည်တော် ဗဟိုအစိုးရ နှင့် ကမ္ဘာ့ဘဏ်အကြား ညှိနှိုင်းခဲ့သော စီမံကိန်းသည် ဗဟိုအစိုးရ ပြည်ထောင်စု စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် အတူ ဗဟိုအစိုးရ၏ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနများကသာ ဦးဆောင်သွားမည်ဖြစ်သည်။ ရှမ်းပြည်ရှိ တိုင်းရင်းသားများ လိုအပ်နေသည်မှာ ဗဟိုဦးစီးသော အုပ်ချုပ်စီမံသော စနစ်ထက် တန်းတူရေး နှင့် ကိုယ်ပိုင် စီမံအုပ်ချုပ်ခွင့်၊ ပြဋ္ဌာန်းခွင့်ကို အာမခံသည့် အာဏာခွဲဝေကျင့်သုံး စီမံအုပ်ချုပ်သည့် စစ်မှန်သော ဖက်ဒရယ်စနစ်ဖြစ်သည်။

မြန်မာနိုင်ငံတွင် သယံဇာတ ပေါများကြွယ်ဝသော်လည်း တိုင်းရင်းသားပြည်သူလူထုများမှ ပိုင်ဆိုင်ခွင့်၊ စီမံခွင့်၊ အကျိုးခံစားခွင့် မရှိပဲ လွဲမှားသော စီမံအုပ်ချုပ်မှုများ၊ ခွဲဝေမှုများကြောင့် နိုင်ငံဖွံ့ဖြိုးမှု နှောင့်နှေးနေရပြီး ပဋိပက္ခဖြစ်ပေါ်စေမှုများလည်းရှိနေသည်။ ထို့အပြင် ဖွံ့ဖြိုးရေး အမည်ခံပြီး မြေယာအဓမ္မသိမ်းဆည်းမှုများ နှင့် သယံဇာတ တူးဖော်ထုတ်လုပ်အသုံးပြုမှုများ၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများ၊ လူမှုရေး နှင့် ယဉ်ကျေးမှုဆိုင်ရာ ထိခိုက်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှု၊ နေရပ်ရွှေ့ပြောင်းခံရမှု စသည့် များစွာသော သင်ခန်းစာများကြောင့် တိုင်းရင်းသားပြည်သူလူထုများ ဒုက္ခရောက်နေရပြီး လူတချို့ကောင်းစားသွားရသည့် အခြေအနေများလည်း ရှိနေသည်။

မြန်မာနိုင်ငံသည် ဖက်ဒရယ်စနစ် နိုင်ငံရေးအာမခံချက်မှ တဆင့် ငြိမ်းချမ်းရေးကို ဦးတည်နိုင်ပြီးမှသာ လူထုအခြေပြု ဖွံ့ဖြိုးရေးစီမံကိန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်နိုင်မည်ဖြစ်သည်။

**Shan State Ethnic Youth Federation**သည် ရှမ်းပြည်နယ်အတွင်းရှိ အဖွဲ့အစည်းများ၊ တိုင်းရင်းသားလူငယ်များဖြစ်သော ရှမ်း၊ လားဟူ၊ အာခါ ၊ အင်းသား၊ ဝ၊ ကိုးကန့်၊ တောင်ရိုး၊ ကယန်း၊ ကချင်၊ ပအိုဝ်း၊ တအာင်း၊ ဓနု စသည့် တိုင်းရင်းသားလူမျိုးများစုပေါင်းပြီး တိုင်းရင်းသားလူငယ်အရေး၊ ဖက်ဒရယ်ရှမ်းပြည်အရေး အတွက် ပူးပေါင်းဆောင်ရွက်သော ဖက်ဒရေးရှင်းဖြစ်သည်။

**ဆက်သွယ်ရန်။ ။**

ခွန်ဦး ၀၉၇၆၅၆၀၀၈၁၂ (PYO)

လွေးပိုးဂျေ ၀၉၂၆၄၁၆၂၂၂၉ (TSYU)

စိုင်းအောင်မြင့်ဦး - ၀၉၄၃၀၅၁၆၇၇ (ရှေ့နေ)

ခွန်ဘားနဒ်- ၀၉၇၆၂၅၄၇၆၀၂ (KNGY)

**ပါဝင်ထောက်ခံသည့် အဖွဲ့အစည်းများ၊ ကွန်ယက်များ-**

1. မြန်မာနိုင်ငံ ကျောင်းသားလူငယ်များ ကွန်ဂရက် (တိုင်းရင်းသား ၁၀ ဖွဲ့ ပါဝင်)
2. မြန်မာနိုင်ငံလုံးဆိုင်ရာ တိုင်းရင်းသားလူငယ်များ မဟာမိတ် (မြန်မာနိုင်ငံလုံးဆိုင်ရာ တိုင်းရင်းသားများ)
3. မြန်မာ့သဘာဝ ပတ်ဝန်းကျင် အလုပ်အဖွဲ့ (တိုင်းရင်းသား ၂၂ ဖွဲ့ပါဝင်)
4. **Action Group for Resource Accountability in Myanmar (AGRAM)**
5. **Arakan Oil Watch (AOW)**
6. **Bridging Rural Integrated Development and Grassroots Empowerment (BRIDGE)**
7. **Chin Farmers Network (CFN)**
8. **Kachin Development Networking Group (KDNG)**
9. **Karen Environmental and Social Action Network (KESAN)**
10. **Karenni Evergreen (KEG)**
11. **Kayah Earthrights Action Network (KEAN)**
12. **Kuki Women's Human Rights Organization (KWHRO)**
13. **Kyauk Phyu Rural Development Association (KRDA)**
14. **Lahu Development Network (LDN)**
15. **Lahu National Development Organization (LNDO)**
16. **Mungchying Rawt Jat (MRJ)**
17. **Network for Environmental and Economic Development (NEED)**

**18. Pa-O Farmers Development Union (PFDU)**

**19. Pa-O Youth Organization (PYO)**

**20. Shan Sapawa Environmental Organization (Sapawa)**

**21. Shan State Farmers Network (SSFN)**

**22. Tarkapaw Youth Group (TKP)**

**23. Tavoyan Women's Union (TWU)**

**24.** ရှမ်းပြည်နယ် တိုင်းရင်းသားလူငယ်များ ဖက်ဒရေးရှင်း (ရှမ်းပြည်နယ် တိုင်းရင်းသားများ)

**25.** ကယန်းမျိုးဆက်သစ် လူငယ်

**26.** ပေါင်းကူး

**27.** ကျိုင်းတုံ မြေယာ အဖွဲ့

**28.** IFI Watch Myanmar

**29.** မေတ္တာ ဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း

**30.** ဒို့မြေကွန်ယက်

**31.** ကောင်ရွှေ လူမှုတရားမျှတမှု နှင့် ဖွံ့ဖြိုးရေး အဖွဲ့ (ကောင်ရွှေ)

**32.** တအာင်းကျောင်းသားလူငယ်များ သမဂ္ဂ

**33.** တိုင်းရင်းသားလူမျိုးစုများ ဒီမိုကရေစီ အဖွဲ့

ဆက်လက် ကောက်ခံနေဆဲ ဖြစ်သည်။ --